စိုက်ပျိုးရေး ဈေးကွက်သတင်းလွှာ
(AGRICULTURE MARKET BULLETIN) MARKET INFORMATION SYSTEM

Vol.2 (16), August 2022



Source: Sugar Crops Division

# စိုက်ပျိုးရေး ဈေးကွက်သတင်းလွှာ

## (Agriculture Market Bulletin) Market Information System

**စိုက်ပျိုးရေးဦးစီးဌာန**

**တိကျမြန်ဆန် ဈေးကွက်သတင်းမှန်
တောင်သူများအတွက်ဖြန့်ဝေရန်
စိတ်ချအားထားဈေးနှုန်းများ
တောင်သူများအားဖြန့်ဝေသွား**

**31st August, 2022**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
(www.doa.gov.mm/mis/, doamisppme@gmail.com, + ၉၅ ၆၇ ၃၄၁၀၅၃၈ )

**ပါဝင်သောအကြောင်းအရာများ** | **စိုက်ပျိုးရေးဆိုင်ရာနိုင်ငံတကာသတင်းများ**

❖ လယ်ယာ/သားငါးထွက်ကုန်များ နှင့် သွင်းအားစုများ ဈေးကွက်အခြေအနေ

- ➢ နံ့စားသီးနှံ
- ➢ ဆီထွက်သီးနှံ
- ➢ ပဲမျိုးစုံ
- ➢ စက်မှုကုန်ကြမ်းသီးနှံ
- ➢ စားဖိုဆောင်သီးနှံ
- ➢ အသား/ငါးနှင့်ဥအမျိုးမျိုး
- ➢ ဆန်နှင့်စားသုံးဆီဈေးနှုန်းများ
- ➢ သွင်းအားစုဈေးနှုန်းများ
- ➢ ပဲမျိုးစုံတင်ပို့မှုအခြေအနေ

## ဈေးကွက်သတင်းအချက်အလက်များ

- ❖ ပေါ်ဆန်းစပါးနှင့် မနောသုခစပါးများ ဈေးနှုန်းမြင့်တက်လျက်ရှိ
- ❖ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်းနှင့်နေကြာဈေးနှုန်းများ မြင့်တက်လျက်ရှိ
- ❖ မတ်ပဲ၊ ပဲပုပ်၊ ပဲစဉ်းငုံ၊ ပဲတီစိမ်းနှင့် ကုလားပဲစသည့် ပြည်ပတင်ပို့သည့် ပဲမျိုးစုံဈေးနှုန်းများအခြေအနေ
- ❖ ဝါ(ချည်မျှင်ရှည်)တစ်ပိဿာဈေးနှုန်းနှင့် ချက်ကြံတစ်တန်ဈေးနှုန်းအခြေအနေ
- ❖ ရော်ဘာတစ်ပေါင်ဈေးနှုန်းအခြေအနေ
- ❖ ကြက်သွန်နီနှင့် ကြက်သွန်ဖြူဈေးနှုန်းများ ဈေးကွက်အများစုတွင် မြင့်တက်လျက်ရှိ
- ❖ ငရုတ်အစိုဈေးနှုန်း အတက်ဈေးဖြင့်တည်ငြိမ်ခဲ့ပြီး ငရုတ်အခြောက် ဈေးနှုန်းမြင့်တက်
- ❖ ခရမ်းချဉ်ဈေးနှုန်းဈေးကွက်အချို့တွင်တည်ငြိမ်နေပြီးဈေးကွက်အများစုတွင်ဈေးနှုန်းအနည်းငယ်လျော့ကျလျက်ရှိ
- ❖ မွေးမြူရေးဆိုင်ရာ အသား၊ ဥအမျိုးမျိုးနှင့် ငါး/ ပုဇွန်/ ဂဏန်းအမျိုးမျိုးတို့၏ ဈေးနှုန်းအခြေအနေ

စာမျက်နှာ ၂ မှ ၄

- ♣ ဆန်နှင့် စားသုံးဆီဈေးနှုန်းများ
- ♣ စိုက်ပျိုးရေးသွင်းအားစုဈေးနှုန်းများ
- ♣ မြန်မာ့ပဲမျိုးစုံတင်ပို့မှုအခြေအနေ

စာမျက်နှာ ၈ မှ ၈

## ပြည်တွင်းပြည်ပလယ်ယာသတင်းများ

- မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ပြောင်းတင်ပို့မှုကျဆင်းလာခြင်း
- မြေပဲနှင့် နှမ်းဈေးနှုန်းများ ဆက်လက်မြင့်တက်နေခြင်း
- ကမ္ဘာ့သကြားဈေးနှုန်းများ မြင့်တက်မှုကြောင့် ပြည်တွင်းသကြားဈေးနှုန်းမြင့်တက်
- အင်ဒိုနီးရှားကော်ဖီတင်ပို့သူများသည် အရှေ့အလယ်ပိုင်းဈေးကွက်ရှိ အလားအလာကောင်းများကို စိတ်ဝင်စားမှုမြင့်တက်လာခြင်း
- ဇူလိုင်လတွင် ကမ္ဘာ့စားနပ်ရိက္ခာ ဈေးနှုန်းများ ကျဆင်းခဲ့ခြင်း
- ထိုင်းနိုင်ငံသည် ကမ္ဘာ့ထိပ်တန်းရော်ဘာ တင်ပို့သည့် နိုင်ငံဖြစ်ပြီး တရုတ်နိုင်ငံသည် အများဆုံးဝယ်ယူ သည့်နိုင်ငံဖြစ် လာ
- အိန္ဒိယနိုင်ငံတွင် မိုးရွာသွန်းမှု မမှန်ခြင်းကြောင့် စပါးစိုက်ပျိုးထုတ်လုပ်မှု ကျဆင်းလာခြင်း
- နံ့စားပြောင်းသီးနှံစိုက်ပျိုးခြင်းဖြင့် မိုးခေါင်ရေရှားမှုဒဏ်ကို ပြင်သစ်တောင်သူများ ခုခံနိုင်ကြခြင်း

စာမျက်နှာ ၅ မှ ၈

# ဈေးကွက်သတင်း အချက်အလက်များ

## နံစားသီးနှံ







### ပေါ်ဆန်းမွှေးနှင့် မနောသုခစပါး

- ဩဂုတ်လဒုတိယ(၁၅)ရက်အတွင်း ပေါ်ဆန်းစပါးဈေးနှုန်းမှာပျမ်းမျှတစ်တင်းလျှင် (၁၄၇၂၂)ကျပ် ရှိနေပြီး တစ်တင်း ဈေးနှုန်း (၁၈၀၀၀)ကျပ်ဖြင့် အမြင့်ဆုံးဖြစ်နေပါသည်။ ဩဂုတ်လပထမ(၁၅)ရက်နှင့် နှိုင်းယှဉ်ပါက ရေဝတီ၊ တနင်္သာရီ၊ ကရင်၊ မွန်နှင့် ရခိုင် ဈေးကွက်များ၌ တစ်တင်းလျှင် ၁၀၀၀ မှ ၂၀၀၀ ကျပ် (၇% မှ ၁၃%) ဈေးနှုန်းများ မြင့်တက်လာပြီး ပဲခူးဈေးကွက်တွင် တစ်တင်းလျှင် ၄၀၀၀ကျပ်(၂၀%)ခန့် လျော့ကျခဲ့ပါသည်။ ကျန်ဈေးကွက် အများစု၌ အတက်အကျမရှိဘဲ တည်ငြိမ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။
- ဩဂုတ်လဒုတိယ(၁၅)ရက်အတွင်း မနောသုခစပါးပျမ်းမျှတစ်တင်းဈေးနှုန်းမှာ (၁၀၄၈၂)ကျပ်ရှိနေပြီး တစ်တင်းလျှင်(၁၃၃၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံး ဖြစ်နေပါသည်။ ဩဂုတ်လပထမ(၁၅)ရက်နှင့် နှိုင်းယှဉ်ပါက မကွေးနှင့် မန္တလေးဈေးကွက်များတွင်သာ တစ်တင်းလျှင် ၃၀၀ကျပ်မှ ၁၇၀၀ကျပ် (၃.၁% မှ ၁၃.၁%)ခန့် ဈေးအနည်းငယ် လျော့ကျခဲ့သော်လည်း ကျန်ဈေးကွက် အများစု၌ တစ်တင်းလျှင် ၅၀၀ ကျပ်မှ ၃၀၀၀ ကျပ်(၅% မှ ၃၃.၁%)ခန့်အတွင်း ဈေးနှုန်းများမြင့်တက်ကာ အချို့ ဈေးကွက်များ၌ ဈေးနှုန်းပြောင်းလဲမှုမရှိသည်ကို တွေ့ရှိရပါသည်။
- ဩဂုတ်လဒုတိယ (၁၅)ရက်အတွင်း စပါးဈေးနှုန်းမှာ အတက်ဈေးဘက်ဦးတည်နေကြောင်းတွေ့ရှိရပါသည်။

### အစေ့ထုတ်ပြောင်း




- ဩဂုတ်လဒုတိယ(၁၅) ရက်၌ ဈေးကွက်အတွင်း အစေ့ထုတ်ပြောင်း၏ ပျမ်းမျှတစ်တင်းဈေးနှုန်းမှာ (၁၅၉၆၇) ကျပ်ရှိနေပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင် (၁၈၅၀၀)ကျပ် ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ကယားစစ်ကိုင်းနှင့်ပဲခူးဈေးကွက်များတွင် တစ်တင်းလျှင် ၃၀၀ကျပ်မှ ၁၈၀၀ကျပ်(၂.၃% မှ ၁၀.၆%) ခန့်ဈေးနှုန်းလျော့ကျခဲ့ပြီး မကွေးကချင်နှင့် ရှမ်းဈေးကွက်များ၌ ၅၀၀ကျပ်မှ ၁၀၀၀ကျပ်(၃.၂%မှ ၆.၇%) ခန့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ကျန်ဈေးကွက်များမှာ ဈေးနှုန်းပြောင်းလဲမှုမရှိဘဲ တည်ငြိမ်လျက်ရှိပါသည်။ ထိုင်းဘက်မှပြောင်းတင်သွင်းမှုအတွက် အခွန်ကင်းလွတ်ခွင့်ကို ယခုဩဂုတ်လကုန်တွင် သက်တမ်းကုန်သွား သောကြောင့် ယခုလက်ရှိအချိန်တွင် ဈေးနှုန်းအနည်းငယ် တည်ငြိမ်နေသော်လည်း ပုံမှန်အရောင်းအဝယ်ရှိနေကြပါသည်။

# ဆီထွက်သီးနှံဈေးနှုန်းများ

## နှမ်း၊ မြေပဲ၊ နေကြာ

- ဩဂုတ်လဒုတိယ(၁၅)ရက်၌ ဈေးကွက်အတွင်း နှမ်းနက် ပျမ်းမျှတစ်တင်းဈေးနှုန်းမှာ (၇၃၁၁၈) ကျပ် ရှိနေပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင် (၉၁၀၀၀) ကျပ်ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ကြည့်ပါက ဈေးကွက်အများစုတွင် တစ်တင်းလျှင် ၂၀၀၀ ကျပ်မှ ၁၅၀၀၀ ကျပ် (၂.၉% မှ၂၁.၄%)ခန့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး စစ်ကိုင်းဈေးကွက်တွင် တစ်တင်းလျှင် ၁၅၀၀ ကျပ်ခန့်လျော့ကျခဲ့ကာ ကျန်ဈေးကွက်များ၌ ဈေးနှုန်းပြောင်းလဲမှုမတွေ့ရှိရပါ။
- ဩဂုတ်လဒုတိယ(၁၅)ရက်အတွင်း မြေပဲ(အခွံပါ) ပျမ်းမျှတစ်တင်းဈေးနှုန်းမှာ (၂၂၈၆၄)ကျပ်ရှိနေပြီး တစ်တင်းလျှင် (၃၅၀၀၀)ကျပ်ဖြင့် ဈေးကွက်အတွင်း ဈေးနှုန်းအမြင့်ဆုံးဖြစ်နေပါသည်။ ယခင်(၁၅)ရက် ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက မန္တလေးနှင့် ရှမ်းဈေးကွက်များ၌ တစ်တင်းလျှင် ၁၀၀၀ ကျပ်မှ ၂၀၀၀ ကျပ်(၃.၇% မှ ၁၂.၅%) ခန့် ဈေးနှုန်း လျော့ကျသွားပြီး ကျန်ဈေးကွက်အများစုတွင် တစ်တင်းလျှင် ၂၀၀၀ကျပ်မှ ၁၅၀၀၀ကျပ်(၉.၁%မှ၇၅%) မြင့်တက်ခဲ့ပါသည်။ ကျန်ဈေးကွက်အချို့၌ ဈေးနှုန်း တည်ငြိမ် လျက်ရှိပါ သည်။
- ဩဂုတ်လဒုတိယ(၁၅)ရက်အတွင်း နေကြာတစ်တင်း ပျမ်းမျှဈေးနှုန်းအနေဖြင့် (၃၅၀၀၀)ကျပ်ရှိနေပြီး ဈေးနှုန်း အမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင်(၄၂၀၀၀)ကျပ် ရှိနေပါသည်။ယခင်(၁၅)ရက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက မကွေး၊ ပဲခူးနှင့်မန္တလေးဈေးကွက်များတွင် ၃၀၀၀ကျပ်မှ ၁၂၀၀၀ ကျပ် (၈.၆% မှ ၄၀%)ဈေးတက်ခဲ့ပြီး ကျန်ဈေးကွက်များ တွင် ဈေးနှုန်း တည်ငြိမ်လျက်ရှိကြောင်းတွေ့ရှိရပါသည်။

| ဈေးကွက်အမည် | မြေပဲ(အခွံပါ)ဈေးနှုန်း (ကျပ်/တင်း) | | |
|---|---|---|---|
| | ဩဂုတ်လ ပထမ (၁၅)ရက် | ဩဂုတ်လ ဒုတိယ (၁၅)ရက် | ခြားနားချက်(%) |
| နေပြည်တော် | ၂၅၀၀၀ | ၂၅၀၀၀ | ၀ |
| ရန်ကုန် | ၂၄၀၀၀ | ၂၄၀၀၀ | ၀ |
| မန္တလေး | ၂၇၀၀၀ | ၂၆၀၀၀ | (-)၃.၇၀ |
| မကွေး | ၂၂၀၀၀ | ၂၄၀၀၀ | (+)၉.၀၉ |
| ပဲခူး | ၂၀၀၀၀ | ၃၅၀၀၀ | (+)၇၅.၀ |
| စစ်ကိုင်း | ၁၄၀၀၀ | ၂၆၀၀၀ | (+)၈၅.၇၁ |
| ကချင် | ၂၁၀၀၀ | ၂၁၀၀၀ | ၀ |
| ကယား | ၂၀၀၀၀ | ၂၅၀၀၀ | (+)၂၅.၀ |
| ကရင် | ၁၅၅၀၀ | ၁၅၅၀၀ | ၀ |
| ရခိုင် | ၁၆၀၀၀ | ၁၆၀၀၀ | ၀ |
| ရှမ်း | ၁၆၀၀၀ | ၁၄၀၀၀ | (-)၁၂.၅၀ |






# ပဲမျိုးစုံ ဈေးကွက်




## မတ်ပဲ

| | မတ်ပဲဈေးနှုန်း (ကျပ်/တင်း) | | |
|---|---|---|---|
| | ဩဂုတ်လ ပထမ (၁၅)ရက် | ဩဂုတ်လ ဒုတိယ (၁၅)ရက် | ခြားနားချက်(%) |
| နေပြည်တော် | ၅၀၀၀၀ | ၅၀၀၀၀ | ၀ |
| ရန်ကုန် | ၆၈၀၀၀ | ၆၈၀၀၀ | ၀ |
| မန္တလေး | ၅၈၀၀၀ | ၆၂၀၀၀ | (+)၆.၉၀ |
| မကွေး | ၅၆၀၀၀ | ၅၉၀၀၀ | (+)၅.၃၆ |
| ပဲခူး | ၆၂၀၀၀ | ၆၃၀၀၀ | (+)၁.၆၁ |
| စစ်ကိုင်း | ၅၀၀၀၀ | ၅၀၀၀၀ | ၀ |
| ဧရာဝတီ | ၅၂၀၀၀ | ၄၉၀၀၀ | (−)၅.၇၇ |
| တနင်္သာရီ | ၅၅၀၀၀ | ၆၂၀၀၀ | (+)၁၂.၇၃ |
| မွန် | ၅၉၅၀၀ | ၆၄၀၀၀ | (+)၇.၅၆ |
| ရခိုင် | ၆၅၀၀၀ | ၆၅၀၀၀ | ၀ |

## ပဲတီစိမ်း၊ မတ်ပဲ၊ ပဲစဉ်းငုံ၊ ပဲပုပ်

- ဩဂုတ်လဒုတိယ(၁၅)ရက်အတွင်း ပဲတီစိမ်းတစ်တင်း ပျမ်းမျှဈေးနှုန်းမှာ (၅၀၇၃၁)ကျပ်ဖြစ်ပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင် (၆၅၀၀၀)ကျပ် ရှိနေပါသည်။ ဩဂုတ်လပထမ (၁၅)ရက်နှင့် နှိုင်းယှဉ်ပါက ဈေးကွက်အများစု၌တစ်တင်းလျှင် ၁၀၀၀ကျပ် မှ ၃၀၀၀ ကျပ်(၂%မှ ၅.၈%)ခန့်ဈေးနှုန်းမြင့်တက်ခဲ့ပြီး ပဲခူး၊ကရင်နှင့် မကွေးဈေးကွက်များ၌ တစ်တင်းလျှင် ၁၀၀၀ကျပ်မှ ၂၀၀၀ကျပ်(၂%မှ၃.၇%)ခန့်လျော့ကျသွားပါသည်။ ကျန်ဈေးကွက်အချို့တွင် ဈေးနှုန်းပြောင်းလဲမှုမရှိဘဲ တည်ငြိမ်လျက်ရှိပါသည်။
- ဩဂုတ်လဒုတိယ(၁၅)ရက်အတွင်း မတ်ပဲတစ်တင်း ပျမ်းမျှဈေးနှုန်းမှာ (၆၀၃၃၃)ကျပ်ဖြစ်ပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင် (၆၈၀၀၀)ကျပ် ရှိနေပါသည်။ ယခင်(၁၅)ရက် ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ဈေးကွက်အများစုတွင် တစ်တင်းလျှင် ၁၀၀၀ကျပ်မှ ၁၃၀၀၀ ကျပ်(၁.၇% မှ ၂၅%) ဈေးနှုန်းမြင့်တက်လျက်ရှိပြီး အခြားဈေးကွက်အချို့တွင်ဈေးနှုန်းတည်ငြိမ်နေပါသည်။
- ဩဂုတ်လဒုတိယ(၁၅)ရက်အတွင်း ပဲစဉ်းငုံတစ်တင်း ပျမ်းမျှဈေးနှုန်းမှာ (၅၃၈၇၀) ကျပ်ဖြစ်ပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင် (၆၅၀၀၀)ကျပ် ရှိနေပါသည်။ ယခင်(၁၅)ရက်နှင့်နှိုင်းယှဉ်လျှင် ဈေးကွက်အများစုတွင် တစ်တင်းလျှင် ၅၀၀၀ ကျပ် မှ ၁၈၀၀၀ ကျပ် (၁၁.၁%မှ ၃၈.၃%)ခန့် ဈေးနှုန်းမြင့်တက်လာပြီးမကွေးဈေးကွက်တွင် တစ်တင်းလျှင် ၂၀၀၀ ကျပ် (၄%)ခန့်ဈေးနှုန်းလျော့ကျသွားပြီး ဈေးကွက်အချို့တွင် ဈေးနှုန်းတည်ငြိမ်လျက်ရှိပါသည်။

## ပဲစဉ်းငုံ




## ပဲပုပ်

➢ ဩဂုတ်လဒုတိယ(၁၅)ရက်အတွင်း ပဲပုပ်တစ်တင်း ပျမ်းမျှ ဈေးနှုန်းမှာ (၅၂၂၅၀) ကျပ်ဖြစ်ပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင်(၆၃၅၀၀)ကျပ်ရှိပါသည်။ယခင် (၁၅)ရက်ဈေးနှုန်းဖြင့်နှိုင်းယှဉ်ပါက မန္တလေးနှင့် ရန်ကုန်ဈေးကွက်များ၌တစ်တင်းလျှင် ၁၉၀၀ကျပ်မှ ၆၅၄၀ကျပ် (၃.၁% မှ ၁၂.၂%) ဈေးတက်ခဲ့ပြီး ပဲခူး၊ ဧရာဝတီနှင့် စစ်ကိုင်းဈေးကွက်တို့တွင်တစ်တင်းလျှင် ၅၀၀ ကျပ်မှ ၁၂၅၀၀ ကျပ် (၁% မှ ၁၉.၅%) ဈေးလျော့ကာ ကျန်ဈေးကွက်များတွင် ဈေးနှုန်းတည်ငြိမ်လျက်ရှိပါသည်။




## ကုလားပဲ

- ဩဂုတ်လဒုတိယ(၁၅)ရက်အတွင်း ကုလားပဲတစ်တင်း ပျမ်းမျှဈေးနှုန်းမှာ (၆၃၅၄၅)ကျပ်ဖြစ်ပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင် (၈၂၀၀၀)ကျပ် ရှိနေပါသည်။ ဩဂုတ်လပထမ(၁၅)ရက်နှင့် နှိုင်းယှဉ်ပါက ဈေးကွက်အားလုံးနီးပါး၌ တစ်တင်းလျှင် ၁၀၀၀ကျပ် မှ ၂၈၀၀၀ကျပ် (၁.၉% မှ ၆၀.၉%) ခန့်ဈေးနှုန်း မြင့်တက်ခဲ့ပြီး ကျန်ဈေးကွက်အချို့တွင် ဈေးနှုန်းပြောင်းလဲမှုမရှိခဲ့ပါ။




# စက်မှုကုန်ကြမ်းသီးနှံ

## ဝါ(ချည်မျှင်ရှည်)




❖ ဩဂုတ်လဒုတိယ(၁၅)ရက်အတွင်း ဝါ(ချည်မျှင်ရှည်) တစ်ပိဿာဈေးနှုန်းမှာ (၂၄၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးဖြစ်နေပြီး တစ်ပိဿာပျမ်းမျှဈေးနှုန်းသည် (၂၂၀၀) ကျပ် ရှိနေပါသည်။ ဩဂုတ်လပထမ (၁၅)ရက်နှင့် နှိုင်းယှဉ်ပါကဝါတစ်ပိဿာဈေးနှုန်းသည် မန္တလေးဈေးကွက်တွင်သာ (၂၀၀ ) ကျပ်ခန့် ဈေးနှုန်းလျော့ကျခဲ့ပြီး ကျန်ဈေးကွက်များတွင်ဈေးနှုန်းတည်ငြိမ်လျက်ရှိပါသည်။

## ချက်ကြံ

- ဩဂုတ်လပထမ(၁၅)ရက်အတွင်း ချက်ကြံတစ်တန် ပျမ်းမျှဈေးနှုန်းသည် (၅၄၄၀၀)ကျပ် ရှိနေပြီး ဈေးနှုန်းအမြင့်ဆုံး (၆၃၀၀၀)ကျပ်နှင့် အနိမ့်ဆုံးဈေး (၄၅၀၀၀) ကျပ်ဖြစ်ပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးကွက်အများစု၌ ဈေးနှုန်းတည်ငြိမ်လျက်ရှိပြီး ဈေးနှုန်း ပြောင်းလဲမှုမရှိခဲ့ပါ။




## ရော်ဘာ

ဩဂုတ်လ ပထမ (၁၅)ရက်နှင့် ဩဂုတ်လ ဒုတိယ (၁၅)ရက်အတွင်း RSS-3 ရော်ဘာ ဈေးနှုန်း နှိုင်းယှဉ်မှုအခြေအနေ

| ဈေးကွက်အမည် | ရော်ဘာဈေးနှုန်း (ကျပ်/ပေါင်) | | |
|---|---|---|---|
| | ဩဂုတ်လ ပထမ (၁၅)ရက် | ဩဂုတ်လ ဒုတိယ (၁၅)ရက် | ခြားနားချက်(%) |
| မွန် | ၁၃၃၉ | ၁၃၃၉ | ၀ |
| ကရင် | ၁၀၇၅ | ၁၀၇၅ | ၀ |
| တနင်္သာရီ | ၁၃၁၃ | ၁၄၉၂ | (+)၁၃.၆၃ |

Source: Perennial Crops Division, DoA

# စားဖိုဆောင်သီးနှံ

## ကြက်သွန်နီ




❖ ဩဂုတ်လဒုတိယ (၁၅) ရက်အတွင်း ကြက်သွန်နီ တစ်ပိဿာပျမ်းမျှဈေးနှုန်းမှာ (၃၀၈၉)ကျပ်ရှိနေပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်ပိဿာလျှင်(၄၀၀၀)ကျပ် ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးကွက်အများစုတွင် တစ်ပိဿာလျှင်၃၀၀ကျပ် မှ ၁၅၀၀ ကျပ် (၉.၁% မှ ၃၇.၅%)ထိ ဈေးနှုန်း မြင့်တက်ခဲ့ပါသည်။ ရှမ်း၊ ဧရာဝတီနှင့် မကွေးဈေးကွက်များတွင် ဈေးနှုန်းပြောင်းလဲမှုမရှိကြောင်းတွေ့ရှိရပါသည်။

## ကြက်သွန်ဖြူ

| ဈေးကွက်အမည် | ကြက်သွန်ဖြူဈေးနှုန်း (ကျပ်/ပိဿာ) | | |
|---|---|---|---|
| | ဩဂုတ်လ ပထမ (၁၅)ရက် | ဩဂုတ်လ ဒုတိယ (၁၅)ရက် | ခြားနားချက်(%) |
| နေပြည်တော် | ၅၀၀၀ | ၅၀၀၀ | ၀ |
| ရန်ကုန် | ၅၀၀၀ | ၃၅၀၀ | (-)၃၀.၀၀ |
| မန္တလေး | ၄၀၀၀ | ၄၄၀၀ | (+)၁၀.၀၀ |
| မကွေး | ၄၈၀၀ | ၈၀၀၀ | (+)၆၆.၆၇ |
| ပဲခူး | ၄၀၀၀ | ၆၀၀၀ | (+)၅၀.၀၀ |
| စစ်ကိုင်း | ၃၀၀၀ | ၃၅၀၀ | (+)၁၆.၆၇ |
| ဧရာဝတီ | ၄၀၀၀ | ၄၀၀၀ | ၀ |
| တနင်္သာရီ | ၅၅၀၀ | ၆၅၀၀ | (+)၁၈.၁၈ |
| ကချင် | ၄၀၀၀ | ၄၅၀၀ | (+)၁၂.၅၀ |
| ကယား | ၄၅၀၀ | ၄၅၀၀ | ၀ |
| ကရင် | ၅၅၀၀ | ၅၅၀၀ | ၀ |
| မွန် | ၄၁၀၀ | ၄၂၀၀ | (+)၂.၄၄ |
| ရခိုင် | ၅၅၀၀ | ၆၂၀၀ | (+)၁၂.၇၃ |
| ရှမ်း | ၄၀၀၀ | ၄၀၀၀ | ၀ |

❖ ဩဂုတ်လဒုတိယ(၁၅)ရက်အတွင်း ကြက်သွန်ဖြူ ပျမ်းမျှတစ်ပိဿာဈေးနှုန်းမှာ (၄၉၈၆)ကျပ်ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ဈေးကွက်အများစု၌ တစ်ပိဿာလျှင် ၁၀၀ကျပ်မှ ၃၂၀၀ ကျပ် (၂.၄% မှ ၆၆.၇%)ခန့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး အချို့ဈေးကွက်များတွင် ဈေးနှုန်းပြောင်းလဲမှုမရှိပဲ တည်ငြိမ်လျက်ရှိနေပါသည်။

## ခရမ်းချဉ်




❖ ဩဂုတ်လဒုတိယ (၁၅) ရက် အတွင်း ခရမ်းချဉ်တစ်ပိဿာပျမ်းမျှဈေးနှုန်းမှာ (၂၀၉၃)ကျပ် ဖြစ်ပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးကွက်အားလုံးနီးပါးသည်တစ်ပိဿာလျှင် (၂၀၀)ကျပ်မှ (၁၂၀၀)ကျပ် (၁၅.၄% မှ ၁၀၀%)ခန့် ဈေးနှုန်းတက်သွားပြီး ဈေးကွက်အချို့တွင် ဈေးနှုန်းပြောင်းလဲမှုမရှိပဲ တည်ငြိမ်လျက်ရှိပါသည်။

## ငရုတ်(အစို)




❖ ဩဂုတ်လဒုတိယ(၁၅)ရက်၌ ငရုတ်(အစို)ပျမ်းမျှ တစ်ပိဿာဈေးနှုန်းမှာ (၅၇၂၉)ကျပ်ရှိနေပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်ပိဿာလျှင် (၁၂၀၀၀)ကျပ် ရှိနေပါသည်။ ယခင်(၁၅)ရက် ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးကွက်အများစုတွင် တစ်ပိဿာလျှင် ကျပ်၁၅၀ မှ ၂၈၀၀ (၅.၃%မှ ၁၂၇.၃%)ခန့် ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။ ဧရာဝတီ၊ ရန်ကုန်၊ ကယားနှင့် ရခိုင်ဈေးကွက်များ၌ ဈေးနှုန်းပြောင်းလဲမှု မရှိသည်ကိုတွေ့ရှိရပါသည်။

## ငရုတ်(အခြောက်)

❖ ဩဂုတ်လဒုတိယ(၁၅)ရက်အတွင်း ငရုတ်(အခြောက်) ပျမ်းမျှ တစ်ပိဿာဈေးနှုန်းမှာ (၁၄၃၃၃)ကျပ် ရှိနေပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် (၂၂၀၀၀)ကျပ်ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ကချင် ဈေးကွက်၌သာ တစ်ပိဿာလျှင် ၁၀၀၀ ကျပ် (၁၄.၃%) ဈေးနှုန်းကျဆင်းခဲ့ပြီးဈေးကွက်အများစုတွင် တစ်ပိဿာလျှင် ၂၀၀၀ ကျပ် မှ ၈၀၀၀ ကျပ် (၁၃.၃% မှ ၈၄.၆%) ခန့် ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။ အချို့ဈေးကွက်များ၌ ဈေးနှုန်း တည်ငြိမ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။




# အသား/ငါးနှင့်ဥအမျိုးမျိုး

### ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ဒုတိယ (၁၅)ရက်အတွင်း ဈေးနှုန်းဖြစ်ပေါ်မှုအခြေအနေ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးကွက်ပေါက်ဈေး(ကျပ်/ယူနစ်) | | | |
|---|---|---|---|---|---|
| | | နေပြည်တော် | ရန်ကုန် | မန္တလေး | ရခိုင် |
| **ငါးအမျိုးမျိုး** | | | | | |
| ငါးသလောက် | ပိဿာ | ၂၀၀၀၀ | ၃၅၀၀၀ | ၂၃၀၀၀ | ၁၇၀၀၀ |
| ငါးကြင်း(ဖြူ) | ॥ | ၁၀၀၀၀ | ၁၂၀၀၀ | ၈၅၀၀ | - |
| ငါးကြင်း(နီ) | ॥ | ၁၀၀၀၀ | ၇၀၀၀ | ၄၀၀၀ | - |
| ငါးမြင်း | ॥ | ၇၅၀၀ | - | - | - |
| ငါးတန် | ॥ | ၉၅၀၀ | ၉၀၀၀ | ၃၅၀၀ | ၁၆၀၀၀ |
| ငါးခူ | ॥ | ၂၀၀၀၀ | ၁၈၀၀၀ | ၈၀၀၀ | ၁၈၀၀၀ |
| ငါးကျည်း | ॥ | ၁၈၀၀၀ | ၁၈၀၀၀ | ၈၀၀၀ | - |
| ငါးရံ့ | ॥ | ၁၈၀၀၀ | ၁၅၀၀၀ | - | ၁၅၀၀၀ |
| ကကတစ် | ॥ | ၂၀၀၀၀ | ၂၀၀၀၀ | - | ၁၉၀၀၀ |
| တီလားပီးယား | ॥ | ၇၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၉၀၀၀ |
| ပြည်ကြီးငါး | ॥ | ၃၈၀၀၀ | ၂၅၀၀၀ | - | ၁၅၀၀၀ |
| ကင်းမွန် | ॥ | ၁၇၀၀၀ | ၂၀၀၀၀ | - | ၁၅၀၀၀ |
| **ပုဇွန်အမျိုးမျိုး** | | | | | |
| ပုစွန်ထုပ်ကြီး | ॥ | ၃၅၀၀၀ | ၄၅၀၀၀ | ၃၅၀၀၀ | ၄၀၀၀၀ |
| ပုစွန်ကျော့ | ॥ | ၁၈၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ |
| ပုစွန်ဆိတ် | ॥ | ၆၅၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၁၂၀၀၀ |
| **ကဏန်းအမျိုးမျိုး** | | | | | |
| ကဏန်းပျော့ | ॥ | ၁၆၀၀၀ | - | ၁၂၀၀၀ | ၂၄၀၀၀ |
| ကဏန်းမာ | ॥ | ၁၇၀၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၆၀၀၀ |
| **အသားအမျိုးမျိုး** | | | | | |
| ကြက်(စီပီ) | ပိဿာ | ၁၂၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၆၅၀၀ |
| ကြက်(ဒေသ) | ॥ | ၁၄၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ |
| ဘဲ | ॥ | ၁၃၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၄၀၀၀ |
| ဝက် | ॥ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ |
| အမဲ | ॥ | ၁၆၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ |
| ဆိတ် | ॥ | ၁၈၀၀၀ | ၂၈၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ |
| **ဥအမျိုးမျိုး** | | | | | |
| ကြက်ဥ | လုံး | ၂၁၀ | ၂၀၀ | ၂၀၀ | ၂၅၀ |
| ဘဲဥ | ॥ | ၂၂၀ | ၂၅၀ | ၃၀၀ | ၂၅၀ |
| ငုံးဥ | ॥ | ၃၀ | ၃၀ | ၃၀ | ၅၀ |

Source: ငါးလုပ်ငန်းဦးစီးဌာနနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန





# ပြည်တွင်း ပြည်ပ လယ်ယာသတင်းများ

# ပြည်တွင်းသတင်းများ

## မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့မှုကျဆင်းလာခြင်း

- အစောပိုင်းကာလများတွင် မြန်မာနိုင်ငံမှ တစ်လလျှင် ပြောင်းတန်ချိန် (၁၅၀,၀၀၀) တင်ပို့ခဲ့သော်လည်း ဇူလိုင်လတွင် ၎င်းပမာဏ၏ (၃၀)ရာခိုင်နှုန်းသာ တင်ပို့နိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ ပြောင်းသီးနှံတင်ပို့မှုမှာ တရိပ်ရိပ်ကျဆင်းလာသည်ဟု မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်းအဖွဲ့မှ ဥက္ကဋ္ဌဖြစ်သူ ဦးအေးချမ်းအောင်မှ ပြောကြားခဲ့ကြောင်း၊
- ပြီးခဲ့သည့်နှစ်၊ ဇွန်လနှင့် ဩဂုတ်လအတွင်း မြန်မာနိုင်ငံမှ ပြောင်းသီးနှံများ တစ်လလျှင် တန်ချိန်ပေါင်း (၁၀၀,၀၀၀) မှ (၁၅၀,၀၀၀)ကုန်သွယ်မှုရှိခဲ့ကြောင်း၊ ထိုအချိန်က နယ်စပ်မှ ကုန်သွယ်မှုမှာထိုင်းဘတ်ဖြင့် ရောင်းဝယ်မှုပြုလုပ်ခဲ့ကြကြောင်း၊ ပြီးခဲ့သည့်လမှစ၍ တင်ပို့မှုပမာဏမှာ ၃၀ ရာခိုင်နှုန်းအထိ သိသိသာသာ ကျဆင်းသွားကြောင်း၊
- တင်ပို့ကုန်များဖြစ်သော ပြောင်းသီးနှံ၊ ဆန်၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများကို ဒေါ်လာအစား ယွမ်-ကျပ်၊ ဘတ်-ကျပ်ဖြင့် အရောင်းအဝယ်ပြုလုပ်နိုင်ကြောင်း ကြေငြာချက်ကို ဇွန်လ(၃၀)ရက်နေ့တွင် ထုတ်ပြန်ခဲ့ကြောင်း၊
- ပြောင်းသီးနှံတင်ပို့မှုတွင် ပို့ကုန်လိုင်စင်အတွက် ကြိုးနီစနစ်များကြောင့် ကြန့်ကြာမှုများနေပြီး ပြည်တွင်းဈေးကွက်တွင် ပြောင်းသီးနှံ သိုလှောင်ထားရှိမှု လက်ကျန်များနေပြီး လက်ရှိတွင် ဈေးကွက်အေးလျက်ရှိကြောင်း၊ ရန်ကုန်ဈေးကွက်တွင် ပြောင်းဈေးနှုန်းမှာ တစ်ပိဿာလျှင် ၈၀၀-၈၂၀ ကျပ်ဟု ခန့်မှန်းသိရှိရကြောင်း၊(တစ်ပိဿာ=၁.၆ ကီလိုဂရမ်)
- ထိုင်းနိုင်ငံသည် ဖေဖော်ဝါရီ (၁)ရက်နေ့မှ ဩဂုတ်လ (၃၁)ရက်နေ့အတွင်း သွင်းကုန်အပေါ်ကောက်ခံသည့် အခွန် Form-Dကို လုံးဝလျှော့ချပေးခဲ့ကြောင်း၊ သို့သော်လည်းထိုင်းနိုင်ငံ၏ပြောင်းသီးနှံရာသီအတွင်း ပြည်တွင်းစိုက်ပျိုးသူများ၏ အခွင့်အရေးကို ကာကွယ်ရန် အတွက် ပြောင်းတင်သွင်းမှုအပေါ် အမြင့်ဆုံးအခွန် ၇၃ ရာခိုင်နှုန်း ချမှတ်ခဲ့ကြောင်း၊ ထို့ကြောင့် ထိုင်းနိုင်ငံ၏ Form-D သွင်းကုန်အခွန်ကင်းလွတ်ခွင့်ကို ဩဂုတ်တစ်လသာ ပယ်ဖျက်ခဲ့ကြောင်း၊ (၂၀၂၀-၂၀၂၁) ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ ပြောင်းတန်ချိန်ပေါင်း (၁.၇) သန်း တင်ပို့နိုင်ခဲ့ကြောင်း၊
- ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ပြောင်းသီးနှံရာသီတွင်တန်ချိန်ပေါင်း (၁.၅) သန်း တင်ပို့မည်ဟု ခန့်မှန်းထားကြောင်း မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်း၏ ပြောကြားချက်အရ သိရှိရကြောင်း၊
- (၂၀၂၀-၂၁) ပြောင်းသီးနှံရာသီတွင် မြန်မာနိုင်ငံမှ ကုန်သွယ်ဖက်နိုင်ငံများသို့ တန်ချိန်ပေါင်း (၂.၃)သန်း တင်ပို့နိုင်ခဲ့ကြောင်း၊ ထိုင်းနိုင်ငံသို့ အဓိကတင်ပို့ပြီးတရုတ်၊ အိန္ဒိယနှင့် ဗီယက်နမ်နိုင်ငံသို့လည်း တင်ပို့ခဲ့ကြောင်း အသင်း၏ အချက်အလက်များအရသိရှိရကြောင်း၊
- လက်ရှိတွင် ပြောင်းသီးနှံကိုရှမ်း၊ ကချင်၊ ကရင်၊ ကယားပြည်နယ်နှင့် မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးလျက်ရှိပြီး ပြောင်းသီးနှံစိုက်ပျိုးရာသီ(၃)ခုမှာ ဆောင်းရာသီ၊ နွေရာသီနှင့် မိုးရာသီတို့ဖြစ်ကြောင်း၊
- မြန်မာနိုင်ငံတွင် ပြောင်းသီးနှံကိုနှစ်စဉ် တန်ချိန်ပေါင်း (၂.၅-၃)သန်း စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း (၅.၈.၂၀၂၂)ရက်နေ့တွင် ထုတ်ဝေခဲ့သော Global new light of Myanmar ၏သတင်းဆောင်းပါးအရ သိရှိရပါသည်။

ဒေါ်မြတ်ဖူးငုံဦး၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https://www.gnlm.com.mm/corn-exports-to-thailand-plummet/

## မြေပဲနှင့် နှမ်းဈေးနှုန်းများ ဆက်လက်မြင့်တက်နေခြင်း

- ✓ ပြည်တွင်းဈေးကွက်တွင် မြေပဲနှင့် နှမ်းဈေးများ ဆက်တိုက် မြင့်တက်နေပြီး မြေပဲဆံ တစ်ပိဿာ (တစ်ပိဿာ =၁.၆ကီလိုဂရမ်)လျှင် ကျပ်(၇၀၀၀)ကျော် ရှိကြောင်း မန္တလေးဈေးကွက် ၏ ဈေးနှုန်းအချက်အလက်များအရ သိရှိရကြောင်း၊
- ✓ ဇူလိုင်လ(၁၈)ရက်နေ့တွင် အမျိုးအစားပေါ်မူတည်၍ မြေပဲဈေးနှုန်းသည် တစ်ပိဿာလျှင် ကျပ်(၄,၇၀၀-၄,၉၀၀)ကြားရှိနေပြီး၊ ဩဂုတ်လ(၁၈) ရက်နေ့တွင် တစ်ပိဿာလျှင်ကျပ် (၆,၄၀၀-၇,၀၀၀)သို့ ရုတ်တရက်ဈေးတက်လာခဲ့ရာ တစ်လအတွင်း တစ်ပိဿာလျှင် ကျပ် (၁,၈၀၀-၂,၁၀၀)အထိ မြင့်တက်လာကြောင်း၊
- ✓ ဇူလိုင်(၁၈)ရက်နေ့၏ အမြင့်ဆုံး ဈေးနှုန်းများအဖြစ် (၄၅) ပိဿာ ပန်းနှမ်းတစ်အိတ်လျှင် (၁၂၂,၀၀၀)ကျပ်၊ နှမ်းညိုတစ်အိတ်လျှင် (၁၈၅,၀၀၀)ကျပ်၊ နှမ်းဖြူတစ်အိတ်လျှင် (၂၅၀,၀၀၀)ကျပ်နှင့် နှမ်းနက်(စမုံမျိုး) တစ်အိတ်လျှင် (၂၅၀,၀၀၀)ကျပ်အထိ အသီးသီးရှိခဲ့ကြောင်း၊ ဩဂုတ်လ(၁၈)ရက်နေ့တွင် ပန်းနှမ်းစေ့တစ်အိတ်လျှင် (၁၆၀,၀၀၀) ကျပ်၊ နှမ်းညိုတစ်အိတ်လျှင် (၂၂၇,၀၀၀) ကျပ်၊ နှမ်းဖြူတစ်အိတ်လျှင် (၂၈၀,၀၀၀)ကျပ်နှင့် နှမ်းနက်(စမုံ)တစ်အိတ်လျှင် (၂၆၅,၀၀၀)ကျပ်တို့ အသီးသီး ဈေးတက်ခဲ့ပါကြောင်း၊ မျိုးအလိုက် နှမ်းဈေးနှုန်းများသည်တစ်လအတွင်းတစ်အိတ်လျှင်(၁၅,၀၀၀-၄၃,၀၀၀) ကျပ်အထိ သိသိသာသာ မြင့်တက်လာကြောင်း၊
- ✓ မြန်မာနိုင်ငံမှ ဆီထွက်သီးနှံများတင်ပို့မှု ပိတ်ပင်ထားမှုကို ဖြေလျှော့ပေးပြီးနောက် ပြည်တွင်း Forex တွင် အမေရိကန်ဒေါ်လာနှင့်ယှဉ်လျှင် မြန်မာကျပ်ငွေ တန်ဖိုးကျဆင်းလာပြီး မြေပဲနှင့် နှမ်းဈေးများ တက်လာခဲ့ကြောင်း ကုန်စည်ဒိုင်မှသိရှိရကြောင်း၊
- ✓ လက်ရှိအချိန်တွင် ရိတ်သိမ်းပြီးခါစ မြေပဲနှင့်နှမ်းများ ဈေးကွက်အတွင်းသို့ လိုင်လိုင် ဝင်ရောက်လျက်ရှိကာ ပြည်တွင်းရှိစက်ပိုင်များသည် နိုင်ငံခြားဝယ်လိုအား များလာသည်နှင့်အမျှ ပဲနှမ်းများကို ပိုမိုဝယ်ယူနေကြောင်း ကုန်သည်များထံမှ သိရှိရကြောင်း၊ မြေပဲနှင့် နှမ်းဈေးနှုန်းများ ဈေးတက်လာခြင်းကြောင့် မြေပဲဆီဈေးမှာ တစ်ပိဿာလျှင်(၁၅,၀၀၀)ကျပ်နှင့်နှမ်းဆီဈေးမှာ တစ်ပိဿာလျှင် (၁၀,၀၀၀)ကျပ်အထိ မြင့်တက်ခဲ့ကြောင်း၊
- ✓ ပြီးခဲ့သည့်ဧပြီလက မြန်မာနိုင်ငံသို့ အဓိကဆီတင်သွင်းနေသည့် ကမ္ဘာ့ထိပ်တန်း စားအုန်းဆီတင်ပို့သည့် အင်ဒိုနီးရှားနိုင်ငံသည် ပြည်တွင်း၌ စားသုံးဆီပြတ်လပ်မှုကို လျှော့ချရန် စားသုံးဆီတင်ပို့မှုကို ပိတ်ပင်ထားကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနလက်အောက်ရှိ မြန်မာ့ကုန်သွယ်မှုဦးစီးဌာနမှ မေလ(၉)ရက်နေ့မှစ၍ ဆီထွက်သီးနှံများဖြစ်သည့် (မြေပဲနှင့် နှမ်း) တင်ပို့မှုအား ယာယီရပ်ဆိုင်းခဲ့ကြောင်း၊
- ✓ ကမ္ဘာ့ထိပ်တန်းစားအုန်းဆီတင်ပို့ရောင်းချသူများ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိပါက မြန်မာ့စားသုံးဆီသီးနှံများတင်ပို့မှုကို ပြန်လည်စတင်တော့မည်ဖြစ်ကြောင်း ၂၀၂၂ခုနှစ် ဇူလိုင်လ(၅)ရက် ရက်စွဲဖြင့် ကုန်သွယ်မှုဦးစီးဌာနမှ ထုတ်ပြန်ထားကြောင်း (၁၉.၈.၂၀၂၂) ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် The Global New Light of Myanmar သတင်းဆောင်းပါးမှ သိရှိရပါသည်။

ဦးဖုန်းမြတ်ဝင်းမောင်မောင်၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https://www.gnlm.com.mm/peanut-sesame-prices-remain-upward-trajectory/#article-title

## ကမ္ဘာ့သကြားဈေးနှုန်းများ မြင့်တက်မှုကြောင့် ပြည်တွင်းသကြားဈေးနှုန်းမြင့်တက်

- ❖ ကမ္ဘာ့သကြားဈေးများ မြင့်မားလာသဖြင့် ပြည်တွင်းသကြားဈေးနှုန်းများ မြင့်တက်နေ ကြောင်း၊ လက်ရှိတွင် သကြား FOB ဈေးနှုန်းသည် ဒေါ်လာဈေးတက်မှုကြောင့် တစ်တန်လျှင် ဒေါ်လာ ၅၅၀ သို့ ရောက်ရှိခဲ့ကြောင်း မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ကုန်များအသင်း ဒုတိယဥက္ကဋ္ဌဦးဝင်းငွေ၏ ပြောကြားချက်အရ သိရှိရကြောင်း၊
- ❖ သကြားဈေးနှုန်းကို ငွေလဲနှုန်းနှင့်တွက်ချက်ပါက နိုင်ငံတကာသကြားဈေးနှုန်းသည် တစ်တန်လျှင် ဒေါ်လာ (၅၅၀)ရှိကြောင်း၊ ထို့ကြောင့် ပြည်တွင်းသကြားဈေးသည် တစ်ပိဿာလျှင် ကျပ်(၂,၀၀၀)ကျော်အထိ ရောက်ရှိခဲ့ကြောင်း၊ ပြည်တွင်းသကြားဈေးသည် ကမ္ဘာ့သကြားဈေးနှုန်းနှင့်ဆက်စပ်နေကြောင်း၊ သို့သော် နိုင်ငံတကာသကြားဈေးနှုန်းအညွှန်းကိန်းဖြင့် သတ်မှတ်သော်လည်း ပြည်တွင်းသကြားဈေးမှာ အနည်းငယ်နိမ့်နေကြောင်း၊ ပြည်တွင်း ဈေးကွက်တွင် သကြားတစ်ပိဿာလျှင် ၂,၂၆၀ ကျပ် (တစ်ပိဿာ ၁.၆ ကီလိုဂရမ်နှင့် ညီမျှ) ရှိကြောင်း၊ ပြည်တွင်းသကြားဈေးသည်ယခင်နှစ်များတွင် တစ်ပိဿာလျှင် (၉၀၀-၁၀၀၀) ကျပ်သာရှိကြောင်း၊
- ❖ နိုင်ငံတစ်ဝှမ်းတွင် ကြံစိုက်ပျိုးဧက(၄၅၀,၀၀၀)ခန့်ရှိပြီး နှစ်စဉ်သကြားတန်ချိန် (၄၅၀,၀၀၀)ထွက်ရှိကြောင်း၊ ပြည် တွင်းစားသုံးမှုအပြင် လက်ကျန်များကို ယခင်နှစ်များတွင် တရုတ်နှင့် ဗီယက်နမ်နိုင်ငံများသို့ တင်ပို့ခဲ့ကြောင်း၊ ယခုနှစ်တွင် ဗီယက်နမ်နိုင်ငံသို့သာ တင်ပို့ထားကြောင်း၊
- ❖ တစ်ဦးချင်းသကြားစားသုံးမှုမှာ (၈)ကီလိုဂရမ်ဖြစ်ကြောင်း၊ လူဦးရေ (၅)သန်းကျော်နှင့် တွက်လျှင်ပြည်တွင်းစားသုံးမှု စုစုပေါင်းတန်ချိန် (၃၅၀,၀၀၀)မှ

(၄၀၀,၀၀၀)ခန့်ရှိကြောင်း၊ ပို့ကုန်အတွက် သကြားပမာဏ အနည်းငယ်သာ ကျန်ရှိတော့ကြောင်း၊ အစောပိုင်းတွင် မြန်မာနိုင်ငံမှ တင်လဲရည်များကို တရုတ်နိုင်ငံသို့ တင်ပို့ကြောင်း၊ ကပ်ရောဂါကာလအတွင်း တရုတ်နိုင်ငံ၏ တင်းကျပ်သော ဗိုင်းရပ်စ်မူဝါဒကြောင့် တင်လဲရည်တင်ပို့မှုကို ရပ်တန့်ခဲ့ကြောင်း၊ ပိုလျှံသကြားများကို ရေကြောင်းကုန်သွယ်မှုမှတစ်ဆင့် ဗီယက်နမ်သို့ လတ်တလောပို့ဆောင်ပေးမည်ဖြစ်ကြောင်း၊

❖ ကြံကို စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် အများဆုံးတွေ့ရှိရကြောင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင်လည်း တွေ့ရှိရကြောင်း၊ ကြံကို ဒီဇင်ဘာလမှ ဇန်နဝါရီလတွင် စိုက်ပျိုးကြောင်း၊ နောက်နှစ် နိုဝင်ဘာလမှ ဖေဖော်ဝါရီလအထိ ရိတ်သိမ်းနိုင်ကြောင်း၊ လာမည့်(၂၀၂၂-၂၀၂၃)ကြံရာသီအတွက် အချို့သကြားကုမ္ပဏီများမှ ကြံတစ်တန်လျှင် ကျပ်(၈၀,၀၀၀) နှုန်းဖြင့် ကမ်းလှမ်းထားကြောင်း (၂၇.၈.၂၀၂၂) ရက်နေ့တွင်ထုတ်ပြန်ခဲ့သော The Global New Light of Myanmar၏ သတင်းဆောင်းပါးအရ သိရှိရပါသည်။

ဒေါ်ကေရီဝင်း၊ စိုက်ပျိုးရေးဦးစီးဌာန
Source: https://www.gnlm.com.mm/domestic-sugar-prices-on-the-rise-tracking-global-influences/

# ပြည်ပသတင်းများ

## အင်ဒိုနီးရှားကော်ဖီတင်ပို့သူများသည် အရှေ့အလယ်ပိုင်းဈေးကွက်ရှိ အလားအလာကောင်းများကို စိတ်ဝင်စားမှုမြင့်တက်လာခြင်း

♣ အင်ဒိုနီးရှားကော်ဖီထုတ်လုပ်သူများသည် မကြာသေးမီနှစ်များအတွင်း၌ ဒေသတွင်းမှ စိတ်ဝင်စားမှုမြင့် တက်လာသောကြောင့် အရှေ့အလယ်ပိုင်းဒေသသို့ တင်ပို့မှုမြှင့်တင်မည့် အလားအလာကို စောင့်ကြည့်နေကြကြောင်း၊ အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာပေါ်တွင် ကော်ဖီထုတ်လုပ်သည့် စတုတ္ထမြောက်အကြီးဆုံးနိုင်ငံဖြစ်ပြီး အာရှတွင် ဒုတိယအကြီးဆုံးဖြစ်ကာ ကမ္ဘာ့ကော်ဖီထွက်ရှိမှု ၏ (၇)ရာခိုင်နှုန်းခန့်ရှိကြောင်း၊ (၂၀၂၁)ခုနှစ်တွင် အရှေ့တောင်အာရှနိုင်ငံများသည် မက်ထရစ်တန်ချိန်ပေါင်း (၃၈၄,၀၀၀)ခန့်တင်ပို့ခဲ့ပြီး ဒေါ်လာသန်း (၈၅၀)ခန့် တန်ဖိုးရရှိကြောင်း ဗဟိုစာရင်းအင်း အေဂျင်စီမှ သိရှိရကြောင်း၊

♣ အင်ဒိုနီးရှားကော်ဖီကို အီဂျစ်သို့ ပြီးခဲ့သောနှစ်တွင် တင်ပို့ခဲ့ပြီး အမေရိကန်ပြီးလျှင် ဒုတိယအကြီးဆုံး တင်ပို့သည့်နိုင်ငံဖြစ်ကြောင်း၊ အရှေ့အလယ်ပိုင်းဒေသသို့ တင်ပို့မှုမှာ လွန်ခဲ့သည့်ဆယ်စုနှစ်များအတွင်း ကြီးထွားလာခဲ့ကြောင်း အင်ဒိုနီးရှားကော်ဖီတင်ပို့ရောင်းချသူများနှင့် စက်မှုလုပ်ငန်းအဖွဲ့မှ သိရှိရကြောင်း၊

♣ အရှေ့အလယ်ပိုင်းဈေးကွက် အလားအလာသည် အလယ် အလတ်နှင့် အဆင့်မြင့် အရည်အသွေးမီကော်ဖီအတွက် စဉ်ဆက်မပြတ်ကြီးထွားနေမည်ဖြစ်ကြောင်း စက်မှုလုပ်ငန်း ဥက္ကဋ္ဌ ဖြစ်သူ MoelyonoSoesilo ၏ ပြောကြားချက်အရ သိရှိရကြောင်း၊

♣ ကမ္ဘာ့ကော်ဖီခေတ်ရေစီးကြောင်းနှင့် ကမ္ဘာ့တစ်ဝှမ်းခေတ်မီကော်ဖီဆိုင်များ ထွန်းကားလာပြီးအရှေ့အလယ်ပိုင်းဒေသသို့ အင်ဒိုနီးရှားနိုင်ငံသားများ ခရီးသွားလာမှုပိုများလာခြင်းကြောင့် ဒေသတွင်းတွင် အင်ဒိုနီးရှားကော်ဖီကို စိတ်ဝင်စားမှု မြင့်တက်လာခဲ့ကြောင်း၊

♣ အင်ဒိုနီးရှားနိုင်ငံသားအများစုသည် အရှေ့အလယ်ပိုင်းဒေသသို့ ခရီးသွားကြပြီး အင်ဒိုနီးရှားကော်ဖီထုတ်ကုန်များကို ယူဆောင်သွားခြင်းဖြင့် ၎င်းဒေသရှိ လူများဆီသို့ တိုက်ရိုက်(သို့) သွယ်ဝိုက်ပြီး မိတ်ဆက်သည့်သဘောဖြစ်ကြောင်း Soesiloမှ ပြောကြားခဲ့ကြောင်း၊

♣ ကော်ဖီထုတ်လုပ်သူများ၏ ဈေးနှုန်းများပြိုင်ဆိုင်မှုများလာသည်နှင့်အမျှ အင်ဒိုနီးရှား ကော်ဖီထုတ်ကုန်များသည် ဒေသတွင်းနှင့် ပြည်ပတွင် ကြီးမားကျယ်ပြန့်လာစေရန်အလားအလာရှိကြောင်း UAE ဆိုင်ရာအင်ဒိုနီးရှားသံအမတ် HusinBagis မှပြောကြားခဲ့ကြောင်း၊

♣ အာဖရိက၊ အရှေ့အလယ်ပိုင်းနဲ့ ဥရောပအတွက် အချက်အချာကျသည့်ဒေသမှာဒူဘိုင်းဖြစ်သည့်အတွက် အလားလာရှိကြောင်း၊ ယခုနှစ် ဇူလိုင်လအစောပိုင်းတွင် UAE နှင့် ချုပ်ဆိုခဲ့သော စီးပွားရေးသဘောတူစာချုပ်တွင် အင်ဒိုနီးရှားနိုင်ငံသည် ကော်ဖီအပါအဝင် အင်ဒိုနီးရှားကုန်ပစ္စည်းများ ပိုမိုတင်ပို့နိုင်မည်ဟု မျှော်လင့်ထားကြောင်း ၎င်းမှ ပြောကြားခဲ့ကြောင်း၊

♣ အင်ဒိုနီးရှားသမ္မတ Joko Widodo သည် ပို့ကုန်တင်ပို့မှုအားလုံးကို မြှင့်တင်လိုကြောင်း ၊ အင်ဒိုနီးရှားကော်ဖီများသည် မကြာသေးမီနှစ်များအတွင်း ကမ္ဘာတစ်ဝှမ်းတွင် စိတ်ဝင်စားမှု ပိုမိုရရှိလာခဲ့ပြီး ၎င်းတို့၏ကောင်းမွန်သောအရသာနှင့် တာရှည်ခံမှုကြောင့် လူသိများလာခြင်းဖြစ်ကြောင်း၊

♣ ပို့ကုန်လုပ်ငန်းရှင်အချို့၏ ဝယ်ယူမှုပမာဏ ဆက်တိုက်တိုးမြင့်လာသည့်အတွက်အီဂျစ်တွင် ကော်ဖီဈေးကွက်ပိုမိုကြီးထွားလာမည်ဟု ထင်မြင်ယူဆမိကြောင်း၊ (၂၀၀၀) ခုနှစ်မှစ၍ ဂျာကာတာအခြေစိုက် ကော်ဖီစေ့ရောင်းချသူ Suradiက အရှေ့အလယ်ပိုင်းဒေသတွင် အင်ဒိုနီးရှားကော်ဖီအတွက်ထူးခြားသည့် အလားအလာရှိကြောင်း၊ ထိုအလား အလာကိုအသုံးချနိုင်ခြင်း၊ အသုံးမချနိုင်ခြင်းသည် ၎င်းတို့အပေါ်မူတည်နေကြောင်း (၂၁.၈.၂၀၂၂) ရက်နေ့တွင် ထုတ်ဝေခဲ့သော Arab news ကွန်ရက်ဆောင်းပါးအရ သိရှိရပါ သည်။

ဒေါ်မြတ်ဖူးငုံဦး၊ စိုက်ပျိုးရေးဦးစီးဌာန
Source https://www.arabnews.com/node/2147311/world

## ဇူလိုင်လတွင် ကမ္ဘာ့စားနပ်ရိက္ခာ ဈေးနှုန်းများ ကျဆင်းခဲ့ခြင်း

➢ ကမ္ဘာ့စားနပ်ရိက္ခာဈေးနှုန်းများအတွက် ဇူလိုင်လ စံနှုန်းသည် သိသိသာသာကျဆင်းခဲ့ပြီး အဓိကသီးနှံနှင့် ဟင်းသီး ဟင်းရွက်ဆီဈေးနှုန်းများသည် ကိန်းဂဏန်းနှစ်လုံးရာခိုင်နှုန်း ကျဆင်းမှုအဖြစ် မှတ်တမ်းတင်ခဲ့ကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO) ၏ ထုတ်ပြန်ချက်အရ သိရှိရကြောင်း၊

➢ FAO စားနပ်ရိက္ခာဈေးနှုန်းညွှန်းကိန်းသည် ဇူလိုင်လတွင် ပျမ်းမျှအမှတ် (၁၄၀.၉)ရှိခဲ့ပြီး ဇွန်လပျမ်းမျှ အမှတ်မှ (၈.၆) ရာခိုင်နှုန်းကျဆင်းခဲ့ခြင်းဖြစ်ကြောင်း၊

➢ စားသောက်ကုန်ဈေးနှုန်းများ အလွန်မြင့်မားနေသည့်အဆင့်မှ ကျဆင်းလာခြင်းသည် ဝမ်းသာစရာဖြစ်သော်လည်းအနာဂတ်ထုတ်လုပ်မှုအလားအလာနှင့် တောင်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ထိခိုက်စေနိုင်သော ဓာတ်မြေဩဇာဈေးနှုန်း ကြီးမြင့်မှုအပါအဝင် မသေချာမရေရာမှုများ အများအပြား ကျန်ရှိနေဆဲ ဖြစ်ကြောင်း FAO မှ စီးပွားရေးပညာရှင် Maximo Torero မှ ပြောကြားခဲ့ကြောင်း၊

➢ FAO ဟင်းသီးဟင်းရွက်ဆီဈေးနှုန်း ညွှန်းကိန်းသည် ဇွန်လမှ ဇူလိုင်လတွင် (၁၉.၂) ရာခိုင်နှုန်းကျဆင်းခဲ့ပြီး (၁၀)လတာ အနိမ့်ဆုံးအဖြစ် ရောက်ရှိခဲ့ကြောင်း၊ အင်ဒိုနီးရှားနိုင်ငံမှ လုံလောက်သောတင်ပို့နိုင်မှု အလားအလာများကြောင့် စားအုန်းဆီဈေးနှုန်းများ ကျဆင်းလာပြီး ကာလကြာရှည်ဝယ်လိုအားနှေးကွေးမှုကြောင့် ပဲပုပ်ဆီဈေးနှုန်းများ ကျဆင်းခဲ့ကြောင်း၊ပင်လယ်နက်ဒေသတွင် ထောက်ပံ့ပို့ဆောင်ရေး မသေချာမရေရာမှုများ ဆက်လက်ရှိနေသော်လည်း ကမ္ဘာ့သွင်းကုန်ဝယ်လိုအား ကျဆင်းနေချိန်တွင် နေကြာဆီဈေးနှုန်းများ သိသိသာသာ ကျဆင်းသွားခဲ့ကြောင်း၊

➢ FAO ကောက်ပဲသီးနှံဈေးနှုန်းညွှန်းကိန်းသည် (၂၀၂၂) ခုနှစ် ဇူလိုင်လတွင် (၁၁.၅) ရာခိုင်နှုန်းကျဆင်းခဲ့ပြီး (၂၀၂၁)ခုနှစ် ဇူလိုင်လတန်ဖိုးမှာ (၁၆.၆)ရာခိုင်နှုန်းဖြစ်ခဲ့ကြောင်း၊ အညွှန်းကိန်းတွင် ဖော်ပြထားသော ကောက်ပဲသီးနှံအားလုံး၏ ကမ္ဘာ့ဈေးနှုန်းများသည် ဂျုံမှစ၍ ဦးဆောင်ကျဆင်းခဲ့ပြီး (၁၄.၅)ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း၊ တစ်စိတ်တစ်ပိုင်းအားဖြင့် ပင်လယ်နက်ဆိပ်ကမ်းများမှ ပို့ကုန်များကို မပိတ်ဆို့ရန် ယူကရိန်းနှင့် ရုရှားတို့အကြား သဘောတူညီမှုရရှိခဲ့ခြင်းနှင့် မြောက်ပိုင်းကမ္ဘာခြမ်းတွင် ရိတ်သိမ်းဆဲ ရိတ်သိမ်းမှုများမှ ရာသီအလိုက် ရရှိနိုင်မှုတို့ကြောင့်ဖြစ်ကြောင်း၊

➢ ကမ္ဘာ့ကောက်ပဲသီးနှံကြမ်းဈေးနှုန်းသည် ဇူလိုင်လတွင် (၁၁.၂) ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ပြောင်းသီးနှံဈေးနှုန်းများမှာ(၁၀.၇)ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ နိုင်ငံတကာဆန်ဈေးသည်လည်း (၂၀၂၂)ခုနှစ်တွင် ပထမဆုံးအကြိမ်အဖြစ် ကျဆင်းခဲ့ ခြင်းဖြစ်ကြောင်း၊

➢ FAO သကြားဈေးနှုန်းညွှန်းကိန်းသည် ကမ္ဘာ့စီးပွားရေးနှေးကွေးမှု ထပ်မံဖြစ်ပေါ်နိုင်သည့် မျှော်မှန်းထားမှုများကြောင့် ဝယ်လိုအားအလားအလာအပေါ် စိုးရိမ်မှုများဖြစ်ပေါ်ခဲ့ပြီး ဇွန်လမှ(၃.၈)ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံတွင်ပို့ကုန်ပိုမိုများပြားလာနိုင်သည့် ကောင်းမွန်သော ထုတ်လုပ်မှုအလားအလာများကြောင့် ကမ္ဘာ့သကြားဈေးနှုန်းများ ကျဆင်းစေခဲ့ခြင်းဖြစ်ကြောင်း၊

➢ FAO နို့ထွက်ပစ္စည်းဈေးညွှန်းကိန်းသည် အရောင်းအဝယ်လှုပ်ရှားမှု နည်းပါးနေသောကြောင့် ဇွန်လ ဈေးနှုန်းမှ၂.၅ ရာခိုင်နှုန်းကျဆင်းသွားသော်လည်း (၂၀၂၁) ခုနှစ် ဇူလိုင်လ တန်ဖိုးထက် ပျမ်းမျှ(၂၅.၄)ရာခိုင်နှုန်းရှိနေဆဲဖြစ်ကြောင်း၊ နို့မှုန့်နှင့် ထောပတ်ဈေးနှုန်းများ ကျဆင်းခဲ့ သော်လည်း ဥရောပခရီးသွားဧည့်သည်များ၏ ဝယ်လိုအားကြောင့် ဒိန်ခဲဈေးနှုန်းများမှာ တည်ငြိမ်နေခဲ့ကြောင်း၊

➢ FAO အသားဈေးညွှန်းကိန်းသည် ဇွန်လအညွှန်းကိန်းမှ (၀.၅)ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပြီး အမဲသား၊ ဘဲဥနှင့်

ဝက်သားများအတွက် တင်သွင်းရန် ဝယ်လိုအား နည်းပါးခြင်းကြောင့် လည်းဖြစ်ကြောင်း၊ ဆန့်ကျင်ဘက်အားဖြင့် နိုင်ငံတကာ ကြက်သားဈေးနှုန်းများသည် ကမ္ဘာ့ မြောက်ဘက်ခြမ်းတွင် ကြက်ငှက်တုပ်ကွေး ဖြစ်ပွားမှုကြောင့် ကမ္ဘာလုံးဆိုင်ရာ ခိုင်မာသောတင်သွင်းဝယ်လိုအားနှင့် ကျပ်တည်းသော ရောင်းလိုအားတို့ ဖြစ်ပေါ်ခဲ့ပြီး ဈေးနှုန်းများ တစ်ချိန်လုံးမြင့်မားလာခဲ့ပါကြောင်း (၅.၈.၂၀၂၂)ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် https:// reliefweb.int/ ၏ ထုတ်ပြန်ချက်အရ သိရှိရပါသည်။

ဒေါ်ကေရီဝင်း၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https://reliefweb.int/report/world/global-food-commodity-prices-decline-july

## ထိုင်းနိုင်ငံသည် ကမ္ဘာ့ထိပ်တန်းရော်ဘာတင်ပို့သည့်နိုင်ငံဖြစ်ပြီး တရုတ်နိုင်ငံသည် အများဆုံးဝယ်ယူသည့်နိုင်ငံဖြစ်လာ

- ထိုင်းနိုင်ငံသည် ယခုနှစ်ပထမနှစ်ဝက်တွင် ရော်ဘာတင်ပို့သည့်နိုင်ငံများစာရင်းတွင် ထိပ်ဆုံး၌ ရပ်တည်နေပြီး ဘတ်ငွေ (၇၀.၅)ဘီလီယံတန်ဖိုးရှိ တန်ချိန်ပေါင်း (၂.၁၉)သန်း၊ တင်ပို့ခဲ့ကြောင်း ထိုင်းနိုင်ငံ စိုက်ပျိုးရေးဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ်၏ ပြောကြားချက်အရ သိရှိရကြောင်း၊
- ယခုနှစ်တွင် စုစုပေါင်းသဘာဝရော်ဘာတင်ပို့မှုတန်ချိန် (၄.၂၇)သန်းထိ မျှော်မှန်းထားပြီး ယခင်နှစ်ထက် (၃.၄၁)% မြင့်တက်လာမည်ဟု ထိုင်းနိုင်ငံရော်ဘာ အာဏာပိုင်အဖွဲ့ Alongkorn Ponlaboot မှ ပြောကြားခဲ့ကြောင်း၊ ပထမနှစ်ဝက်တွင် ထိုင်းနိုင်ငံသည် သဘာဝ ရော်ဘာနှင့် ရော်ဘာထွက်ကုန်များမှ တန်ဖိုးဘတ်ငွေ (၁၆၇.၂) ဘီလီယံတင်ပို့ခဲ့ကြောင်း၊
- တင်ပို့မှု၏ထက်ဝက်နီးပါး (၄၉)%သည် ထိုင်းနိုင်ငံ၏ ရော်ဘာနှင့် ရော်ဘာထွက်ကုန် များအတွက် အကြီးဆုံးဈေးကွက်ဖြစ်သည့် တရုတ်နိုင်ငံသို့ တင်ပို့ကြောင်း စိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာန၏ ရော်ဘာဈေးနှုန်း စောင့်ကြည့်ရေးကော်မတီ ဥက္ကဋ္ဌ ဒီမိုကရက်တစ် ပါတီ ဒုတိယခေါင်းဆောင် Alongkornမှ ပြောကြားခဲ့ကြောင်း၊ ဇန်နဝါရီလမှ ဇွန်လအတွင်း ထိုင်းနိုင်ငံမှ သဘာဝရော်ဘာနှင့် synthetic rubber တန်ချိန်ပေါင်း (၁.၄၂)သန်းကို တရုတ်နိုင်ငံသို့ တင်သွင်းခဲ့ပြီး ယခင်နှစ်ကထက် (၅.၃၇)% မြင့်တက်လာခဲ့ကြောင်း၊ စာရင်းများအရ မလေးရှားနိုင်ငံသည် (၁၀)%ဖြင့်၊ အမေရိကန်နိုင်ငံသည် (၇)%၊ ဂျပန်နိုင်ငံသည် (၆)%၊ တောင်ကိုရီးယားနိုင်ငံသည် (၄)%ရှိကြောင်း၊
- ယခုနှစ်တွင် ထိုင်းရော်ဘာထုတ်လုပ်မှုစုစုပေါင်းတန်ချိန် (၄.၇၉)သန်းရှိပြီး ယခင်နှစ်ထက် (၀.၈၈)% မြင့်တက်လာခဲ့ကြောင်း ထိုင်းနိုင်ငံ၏ ရော်ဘာအာဏာပိုင်မှ ခန့်မှန်းထားကြောင်း၊
- Alongkornသည် ကြာသပတေးနေ့၌ ပြုလုပ်ခဲ့သော ကမ္ဘာ့ရော်ဘာဈေးကွက်အခြေ အနေနှင့်ပတ်သက်၍ အွန်လိုင်းအစည်းအဝေးတွင် သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး ရော်ဘာအာဏာပိုင်အဖွဲ့၊ စိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အကြီးတန်းအရာရှိများနှင့် ကမ္ဘာတစ်ဝှမ်းမှ ထိုင်းစိုက်ပျိုးရေးသံမှူးများ တက်ရောက်ခဲ့ကြကြောင်း (၁၂.၈.၂၀၂၂)ရက်နေ့တွင်ထုတ်ပြန်ခဲ့သော The Nation Thailand ကွန်ယက်၏ သတင်းဆောင်းပါးများအရ သိရှိရပါသည်။

ဒေါ်ပောမာန်အောင်မင်း၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https://www.thestar.com.my/aseanplus/aseanplus-news/2022/08/12/thailand-becomes-worlds-top-rubber-exporter-china-biggest-buyer

## အိန္ဒိယနိုင်ငံတွင် မိုးရွာသွန်းမှု မမှန်ခြင်းကြောင့် စပါးစိုက်ပျိုး ထုတ်လုပ်မှု ကျဆင်းလာခြင်း

- စပါးစိုက်ပျိုးထုတ်လုပ်လျက်ရှိသော ပြည်နယ်များ၏ အစိတ်အပိုင်းများတွင် ယခုရာသီ၌ မိုးရွာသွန်းမှု နည်းသောကြောင့် လာမည့်ရာသီတွင် အိန္ဒိယနိုင်ငံ၏ စပါးထွက်ရှိမှုကို ထိခိုက်နိုင်ဖွယ်ရှိကြောင်း၊ ၎င်းသည် နိုင်ငံအတွင်း ကုန်စည်ကူးသန်းရောင်းဝယ်မှုကို စီမံခန့်ခွဲရာ၌ စပါးတင်ပို့မှုကန့်သတ်ချက်များ ဖြစ်ပေါ်စေနိုင်ကြောင်း၊
- အိန္ဒိယနိုင်ငံတွင် ယခုနှစ်၌ မိုးရွာသွန်းမှုနည်းပါးသည့်အတွက် အဓိကစိုက်ပျိုးထုတ်လုပ် သောဒေသများတွင် စပါးအထွက်နှုန်းထိခိုက်နိုင်ဖွယ်ရှိပြီး စားနပ်ရိက္ခာဖူလုံမှုကို ကာကွယ်ရန် ဂျုံနှင့် သကြားတင်ပို့မှုကို ပိတ်ပင်တားဆီးပြီးနောက် ထိပ်တန်းတင်ပို့သူများသည် ကုန်စည်တင်ပို့ရောင်းချမှုအပေါ် အတားအဆီးများဖြစ်စေနိုင်သည်ဟု စိုးရိမ်ခဲ့ကြကြောင်း၊
- ကမ္ဘာ့ဒုတိယအများဆုံး စပါးစိုက်ပျိုးထုတ်လုပ်သည့် တောင်အာရှနိုင်ငံများရှိ စုစုပေါင်း စပါးစိုက်ဧကသည် ယခုရာသီတွင် (၁၂)ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနမှ သိရှိရကြောင်း၊ စားနပ်ရိက္ခာအခက်အခဲများကြောင့် ကမ္ဘာတစ်ဝှမ်းရှိ စီးပွားရေးများ ထိခိုက်နေသည့်အချိန်တွင် သီးနှံစိုက်ပျိုးထုတ်လုပ်မှု အခြေအနေသည်လည်း ယိမ်းယိုင်လာခဲ့ပြီး အဆိုပါ သီးနှံများအပေါ် မှီခိုနေရသောလူသန်းပေါင်းများစွာအား ထိခိုက်မှုရှိစေခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ ဆန်စပါးကုန်သွယ်မှု၏ (၄၀) ရာခိုင်နှုန်းခန့် ရှိကြောင်း၊
- စပါးစိုက်ပျိုးထုတ်လုပ်မှု ကျဆင်းလာခြင်းသည် အစိုးရမှ ကုန်စည်တင်ပို့မှုများကို ကန့်သတ်ရန် လှုံ့ဆော်မှုများဖြစ်စေနိုင်သည်ကို ကုန်သည်များမှ စိုးရိမ်ခဲ့ကြောင်း၊ မေလတွင် အိန္ဒိယနိုင်ငံသည် ဂျုံတင်ပို့မှုများကို ပိတ်ပင်တားမြစ်ခဲ့ပြီး ပြည်နယ်များစွာ၌ ဂျုံအထွက်နှုန်းကို ထိခိုက်စေသည့် စံချိန်တင်အပူလှိုင်းများကြောင့် နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံမှုကို ခြိမ်းခြောက် ခံနေကြရကြောင်း၊ အိန္ဒိယနိုင်ငံသည် စာနပ်ရိက္ခာဖူလုံမှုရှိစေရန် သကြားတင်ပို့မှုကိုလည်း တားမြစ်ခဲ့ကြောင်း၊
- ဩဂုတ်လ (၁၂)ရက်နေ့အထိ စပါးစိုက်ဧရိယာသည် ဟက်တာ(၃၅.၃၆)သန်းမှ ဟက်တာ(၃၀.၉၈)သန်းအထိ ကျဆင်းခဲ့ကြောင်း သိရှိရကြောင်း၊ သို့သော်လည်း ကြံစိုက်ပျိုး သည့် ဧရိယာသည် ဟက်တာ(၅.၄၅)သန်းမှ ဟက်တာ(၅.၅၂)သန်းအထိ တိုးလာခဲ့ကြောင်း၊
- အိန္ဒိယနိုင်ငံတွင် မုတ်သုံမိုးရွာသွန်းမှုသည် ပျမ်းမျှ(၈)ရာခိုင်နှုန်းအထက်တွင် ရှိသော်လည်း မြောက်ပိုင်းပြည်နယ်ဖြစ်သည့် Uttar Pradesh ကဲ့သို့သော အချို့ အဓိက စိုက်ပျိုး ထုတ်လုပ်သည့်ဒေသများတွင် မိုး လိုအပ်ချက်များ ရှိနေကြောင်း၊ မုတ်သုံရာသီအတွက် ပုံမှန်အားဖြင့် မေလနှောင်းပိုင်းတွင် စတင်စိုက်ပျိုးကြပြီး ဇူလိုင်လတွင် အမြင့်ဆုံးဖြစ်ပြီး စက်တင်ဘာလနှောင်းပိုင်းတွင် စတင်ရိတ်သိမ်းကြကြောင်း (၁၄-၈-၂၀၂၂ ) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော www.livemint.com ၏ သတင်းအချက်အလက်များအရသိရှိရပါသည်။

ဒေါ်နွေးနွေးအောင်၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https://www.livemint.com/industry/agriculture/india-rice-crop-suffers-setback-as-patchy-rains-reduce-plantings-11660438476037.html

## နံ့စားပြောင်းသီးနှံစိုက်ပျိုးခြင်းဖြင့် မိုးခေါင်ရေရှားမှုဒဏ်ကို ပြင်သစ်တောင်သူများ ခုခံနိုင်ကြခြင်း

- ပဲရစ်မြို့အနီးရှိ ဂျုံရိတ်သိမ်းပြီးသောလယ်ကွက်များ၌ မြေဆီလွှာများမှာ ခြောက်သွေ့လျက်ရှိပြီး ပြောင်းပင်များမှာ သန်စွမ်းမှုမရှိကြသော်လည်း EudesCoutte ၏ နံ့စားပြောင်းခင်း၌မူ အရွက်များစိမ်းညို့နေကာ အနံ့အပြည့်ဖြင့် ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း၊
- လွန်ခဲ့သော(၄)နှစ်က Coutte ညီအစ်ကိုသည် နံ့စားပြောင်းကိုစတင်စိုက်ပျိုးခဲ့ကြကြောင်း၊ နံ့စားပြောင်းသည် ဥရောပတွင် လူသိနည်းသော်လည်း ကမ္ဘာ့အခြားနေရာများ၌ မုန့်များဖုတ်ခြင်း(ဂလူတန်မပါသည့်မုန့်များ)မြောက်အာဖရိက ဟင်းလျာများနှင့် ဘီယာချက်လုပ်ခြင်းများတွင် ပါဝင်ပစ္စည်းတစ်ခုအဖြစ် တွင်ကျယ်စွာ အသုံးပြုလျက်ရှိသော နံ့စားသီးနှံ တစ်မျိုးဖြစ်ကြောင်း၊
- ပြင်သစ်နိုင်ငံ၏ ဒေသအများစု၌ နံ့စားပြောင်းကို ရေသွင်း ရန်မလိုဘဲစိုက်ပျိုးနိုင်ခြင်း၊ ပိုးသတ်ဆေးသုံးစွဲရန်မလိုအပ်ခြင်း၊ ဓာတ်မြေဩဇာနှုန်းထားသည် ဂျုံသီးနှံအတွက် ဓာတ်မြေဩဇာလိုအပ်ချက်၏ သုံးပုံတစ်ပုံမျှသာလိုအပ်ခြင်း စသည့်အချက်တို့သည် Coutte ညီအစ်ကိုတို့အား နံ့စားပြောင်းစိုက်ပျိုးရန်အတွက် အားသာချက်များဖြစ်စေကြောင်း၊
- နံ့စားပြောင်းသည် သဘာဝအရင်းအမြစ်များကို ထိန်းသိမ်းပေးနိုင်သည့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးကဏ္ဍသစ်ကို ဖြစ်စေနိုင်ကြောင်း၊ အနာဂတ်စိုက်ပျိုးရေးကဏ္ဍ၌ ရေအလွန်အကျွံမသုံးစွဲပဲ အစားအစာထုတ်လုပ်နိုင်ရေး စဉ်းစားသင့်ကြောင်း Coutte မှ ပြောကြားခဲ့ကြောင်း၊
- ၂၀၂၂ ခုနှစ်တွင် အပူချိန်ပြင်းထန်မှုသည် နံ့စားပြောင်းသီးနှံ၏ အထွက်နှုန်းကို ထိခိုက် စေနိုင်သဖြင့် တစ်ဟက်တာလျှင် (၅-၆)တန်ထွက်ရှိရာမှ ယခုနှစ်အထွက်နှုန်းမှာ တစ်ဟက်တာလျင် (၃-၄)တန်ခန့်အထိ လျော့နည်းသွားနိုင်ကြောင်း၊ သို့သော်လည်း Loire မြစ်မြောက်ဘက် ၌ ရေသွင်းစိုက်ပျိုးရန် မလိုအပ်သဖြင့် ၎င်းအထွက်နှုန်းကျဆင်းမှုသည် ပြင်သစ်နိုင်ငံတစ်ဝှမ်း မိုးခေါင်ရေရှားမှုကြောင့် ရေရရှိရေးအတွက် အကန့်အသတ်များဖြစ်နေရခြင်းနှင့် နှိုင်းယှဉ်လျှင်ပင် အားသာနေသေးကြောင်း၊

- Coutte သည် ၎င်း၏လုပ်ငန်းရေရှည် တည်တံ့စေရန်အတွက် နှံစားပြောင်းအချို့ကို ကိုယ်ပိုင်အမှုန့်ကြိတ်စက်ဖြင့် ဂလူတန်ကင်းလွတ်သည့် နှံစားပြောင်းမှုန့် ထုတ်လုပ်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံခဲ့ကြောင်း၊ ကျန်သီးနှံအချို့ကိုမူ ပဲနီလေးကဲ့သို့ ချက်ပြုတ်စားသောက်နိုင်သည့် အစေ့အဆံများအဖြစ် ရောင်းချကြောင်း၊ ဂလူတန် ကင်းစင်သည့် နှံစားပြောင်းသည် ပရိုတင်းဓါတ်ကြွယ်ဝပြီး မရှိမဖြစ်လိုအပ်သော အမိုင်နိုအက်ဆစ် (၉)မျိုးအနက် (၈)မျိုး ပါဝင်ကြောင်း၊
- တောင်သူအများစုသည် Coutte ညီအစ်ကိုကဲ့သို့ နှံစားပြောင်းကို ပြောင်းလဲစိုက်ပျိုးလာကြသဖြင့် ပြင်သစ်နိုင်ငံ၏ နှံစားပြောင်းစိုက်ပျိုးထုတ်လုပ်မှုသည် ၂၀၁၆ ခုနှစ်တွင် တန်ချိန် (၂၄၄,၀၀၀)ထုတ်လုပ်ခဲ့ရာမှ ၂၀၂၁ ခုနှစ်တွင် တန်ချိန် (၄၀၀,၀၀၀) နီးပါးအထိ တိုးတက်လာခဲ့ကြောင်း လယ်ယာဝန်ကြီးဌာနမှ ထုတ်ပြန်သော အချက်အလက်များအရ သိရှိရကြောင်း၊
- (၂၀၂၁-၂၀၂၂)ခုနှစ်တွင် ဥရောပနိုင်ငံ၏ နှံစားပြောင်း ထုတ်လုပ်မှုတန်ချိန် (၈၀၀,၀၀၀) ခန့်တွင် လေးပုံ တစ်ပုံခန့်သာ စားသောက်ကုန်အဖြစ် အသုံးပြုပြီး ကျန်အများစုမှာ တိရစ္ဆာန် အစာအတွက်ဖြစ်ကြောင်း EU အချက်အလက်များအရသိရှိရကြောင်း၊
- နှံစားပြောင်းသည်မကြာသေးမီနှစ်များတည်းက ဥရောပနိုင်ငံမြေပြင်အနေအထား တွင်စိုက်ပျိုးရာ၌ ဖြစ်ထွန်းအောင်မြင်ခဲ့ပြီးဖြစ်သော်လည်း ပြောင်းနှင့် အခြားနှံစားသီးနှံများကဲ့သို့ ဈေးကွက်အနေအထား မဖွံ့ဖြိုးသေးသဖြင့် ဈေးကွက်ရရန် ရှာဖွေနေရဆဲဖြစ်ကြောင်း၊ ထိုသို့ ဈေးကွက်ရှာဖွေနေရဆဲဖြစ်သော်လည်း နွေရာသီကာလများသည် ပို၍ပူလာသည်နှင့် အမျှ တောင်သူအများစုသည် ပြောင်းသီးနှံအစားနှံစားပြောင်းကိုသာ အစားထိုးပြောင်းလဲ စိုက်ပျိုးလာနိုင်ကြောင်း (၁၅.၈.၂၀၂၂) ရက်နေ့တွင် ထုတ်ပြန်သော reuters သတင်းအရ သိရှိရပါသည်။

ဒေါ်နှင်းရီဝင်း၊ ဦးစီးအရာရှိ၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https://www.reuters.com/business/sustainable-business/french-sorghum-farmer-defies-drought-with-sustainable-crop-2022-08-15/

## ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ဒုတိယ (၁၅)ရက်အတွင်း ဆန်ဈေးနှုန်းများ

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ အိတ်-၃၀ပိဿာ-တစ်တင်းခွဲ) | | | | |
|---|---|---|---|---|---|
| | နေပြည်တော် | ရန်ကုန် | မန္တလေး | စစ်ကိုင်း | ရွှေဝတီ |
| မနောသုခ | ၄၅၀၀၀ | ၅၅၀၀၀ | ၄၆၀၀၀ | ၃၅၀၀၀ | ၅၄၀၀၀ |
| ဆင်းသုခ | ၄၅၀၀၀ | ၅၅၀၀၀ | ၄၈၀၀၀ | ၃၈၀၀၀ | ၅၄၀၀၀ |
| ဧရာမင်း | ၇၅၀၀၀ | ၅၀၀၀၀ | ၆၆၄၀၀ | ၆၃၀၀၀ | - |
| ပေါ်ဆန်း | ၉၀၀၀၀ | ၈၅၀၀၀ | ၉၅၀၀၀ | ၈၂၀၀၀ | ၇၂၀၀၀ |

## ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ဒုတိယ (၁၅)ရက်အတွင်း စားသုံးဆီဈေးနှုန်းများ

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ ပိဿာ) | | | | |
|---|---|---|---|---|---|
| | နေပြည်တော် | ရန်ကုန် | မန္တလေး | မကွေး | စစ်ကိုင်း |
| မြေပဲဆီ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၃၀၀၀ |
| နှမ်းဆီ | ၁၄၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ |
| နေကြာဆီ | ၁၂၅၀၀ | ၁၃၀၀၀ | ၁၁၅၀၀ | ၁၁၅၀၀ | ၁၀၀၀၀ |
| စားအုန်းဆီ | ၁၀၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၈၀၀၀ |

## ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ဒုတိယ (၁၅)ရက်အတွင်း စိုက်ပျိုးရေးသွင်းအားစုဈေးနှုန်းများ

### ဓါတ်မြေဩဇာ

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ အိတ်-၅၀ကီလို) | | | | |
|---|---|---|---|---|---|
| | နေပြည်တော် | ရန်ကုန် | မန္တလေး | မကွေး | ရွှေဝတီ |
| **ယူရီးယား** | | | | | |
| - မြင်းပျံ | ၁၁၅၅၀၀ | ၁၁၇၀၀၀ | ၁၁၂၀၀၀ | ၉၆၀၀၀ | ၁၁၃၅၀၀ |
| - ရွှေတောင် | ၈၇၀၀၀ | ၁၁၀၀၀၀ | ၁၁၁၀၀၀ | - | ၁၁၅၀၀၀ |
| - ဩဘာ/ ကောမက် | ၁၁၅၅၀၀ | ၁၁၀၀၀၀ | ၁၀၂၀၀၀ | ၉၇၅၀၀ | ၁၁၀၀၀၀ |
| - ရွှေနဂါး | ၉၀၀၀၀ | ၁၁၁၀၀၀ | ၈၉၀၀၀ | ၇၀၀၀၀ | ၁၁၂၀၀၀ |
| - ဝိစာရ | ၉၀၀၀၀ | ၁၁၀၀၀၀ | - | - | ၁၀၀၀၀၀ |
| **တီစူပါ** | | | | | |
| - သံကွင်း | - | ၁၁၅၀၀၀ | ၈၈၀၀၀ | ၉၃၀၀၀ | ၁၁၃၀၀၀ |
| - အာမို | - | ၁၁၀၀၀၀ | ၉၀၅၀၀ | ၉၅၀၀၀ | ၁၃၂၅၀၀ |
| - ဩဘာ/ ကောမက် | ၈၇၀၀၀ | ၁၁၅၀၀၀ | ၁၀၁၀၀၀ | - | - |
| - ဝိစာရ | ၈၂၀၀၀ | ၁၁၀၀၀၀ | ၁၀၁၀၀၀ | - | - |
| **ပိုတက်ရှ်** | | | | | |
| - မာကိုတာ | - | ၁၁၀၀၀၀ | ၈၈၄၀၀ | ၇၂၀၀၀ | ၉၀၀၀၀ |
| - ဝိစာရ | - | ၁၁၀၀၀၀ | ၉၅၀၀၀ | - | - |
| - အာမို | ၈၅၀၀၀ | ၁၁၀၀၀၀ | ၉၄၀၀၀ | ၉၅၀၀၀ | ၈၉၅၀၀ |
| - ဩဘာ | - | ၁၁၀၀၀၀ | ၉၇၀၀၀ | - | - |
| **ကွန်ပေါင်း** | | | | | |
| - ဩဘာ/ ကောမက် | ၉၀၀၀၀ | ၁၂၅၀၀၀ | ၇၇၆၀၀ | ၉၇၀၀၀ | ၁၃၀၀၀၀ |
| - အာမို | ၁၅၀၀၀၀ | ၁၅၀၀၀၀ | ၁၂၄၅၀၀ | ၉၅၀၀၀ | ၁၁၃၀၀၀ |
| - ဝိစာရ | ၉၅၀၀၀ | ၁၂၅၀၀၀ | ၁၂၅၀၀၀ | - | - |
| - ရွှေနဂါး | ၁၃၂၀၀၀ | ၁၂၀၀၀၀ | - | - | - |
| - သံကွင်း | ၁၅၅၀၀၀ | ၁၁၅၀၀၀ | ၆၈၅၀၀ | - | ၉၀၀၀၀ |

### စပါးမျိုးစေ့

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ တင်း-၄၆ပေါင်) | | | | |
|---|---|---|---|---|---|
| | နေပြည်တော် | မန္တလေး | မကွေး | စစ်ကိုင်း | ရွှေဝတီ |
| မနောသုခ | ၁၅၀၀၀ | ၁၂၈၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၃၅၀၀ |
| ဆင်းသုခ | ၁၅၀၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၈၅၀၀ | ၁၃၅၀၀ |
| ဧရာမင်း | ၁၆၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၁၆၅၀၀ | ၁၄၅၀၀ |
| ပေါ်ဆန်း | ၁၈၀၀၀ | - | - | ၁၇၀၀၀ | - |

## မြန်မာ့ပဲမျိုးစုံတင်ပို့မှုအခြေအနေ ၂၀၂၂ ခုနှစ် ဩဂုတ်လ တတိယပတ်နှင့် စတုတ္ထပတ်အတွင်း တင်ပို့မှုနှိုင်းယှဉ်ချက်

| ပဲမျိုးစုံ | ရေတွက်ပုံ | ဩဂုတ်လ တတိယပတ် | ဩဂုတ်လ စတုတ္ထပတ် | တင်ပို့မှု အတိုး/ အလျှော့ |
|---|---|---|---|---|
| မတ်ပဲ | US$ | ၁၆.၂၃ | ၁၅.၇ | (-)၀.၅၃ |
| | ကီလို | ၁၈၃၄၇.၇၆ | ၁၇၉၄၁.၄၈ | (-)၄၀၆.၂၈ |
| ပဲတီစိမ်း | US$ | ၃.၈၇ | ၄.၆၄ | (+)၀.၇၇ |
| | ကီလို | ၅၁၆၆.၁၇ | ၆၂၇၆.၅၆ | (+)၁၁၁၀.၃၉ |
| ပဲတီစိမ်းလုံးခြမ်း | US$ | ၀ | ၀ | ၀ |
| | ကီလို | ၀ | ၀ | ၀ |
| ပဲစဉ်းငုံ | US$ | ၇.၇၃ | ၈.၃၃ | (+)၀.၆ |
| | ကီလို | ၉၃၂၂.၉ | ၉၉၇၇.၉ | (+)၆၅၅ |
| ကုလားပဲ | US$ | ၀ | ၀ | ၀ |
| | ကီလို | ၀ | ၀ | ၀ |
| ပဲလွန်းဖြူ | US$ | ၁.၃၃ | ၀.၈၂ | (-)၀.၅၁ |
| | ကီလို | ၁၉၅၄ | ၁၁၇၀.၄၉ | (-)၇၈၃.၅၁ |
| မြေထောက်ပဲ | US$ | ၁.၁၂ | ၀.၆ | (-)၀.၅၂ |
| | ကီလို | ၁၁၃၃.၄၁ | ၅၀၁.၃၃ | (-)၆၃၂.၀၈ |
| ထောပတ်ပဲ | US$ | ၀.၀၆ | ၀.၃၅ | (+)၀.၂၉ |
| | ကီလို | ၇၂ | ၄၂၆.၀၂ | (+)၃၅၄.၀၂ |
| ပဲယင်း | US$ | ၀.၇၁ | ၀.၃၈ | (-)၀.၃၃ |
| | ကီလို | ၉၁၉.၈၁ | ၅၁၇.၂၉ | (-)၄၀၂.၅၂ |
| ပဲကြီး | US$ | ၀.၀၁ | ၀.၀၁ | ၀ |
| | ကီလို | ၇.၆၅ | ၁၂ | (+)၄.၃၅ |
| ပဲကတ္တီပါ (စွန်တာနီ) | US$ | ၀.၁၉ | ၀.၀၇ | (-)၀.၁၂ |
| | ကီလို | ၄၃၉ | ၁၂၅ | (-)၃၁၄ |
| ပဲကတ္တီပါ (စွန်တာပြာ) | US$ | ၀ | ၀ | ၀ |
| | ကီလို | ၀ | ၀ | ၀ |
| ပဲဖြူကလေး | US$ | ၀ | ၀ | ၀ |
| | ကီလို | ၀ | ၀ | ၀ |
| ဘိုကိတ်ပဲ | US$ | ၀.၄၉ | ၀.၃၃ | (-)၀.၁၆ |
| | ကီလို | ၆၆၂ | ၄၃၉.၇ | (-)၂၂၂.၃ |
| ပဲပုပ် | US$ | ၀ | ၀ | ၀ |
| | ကီလို | ၀ | ၀ | ၀ |
| ပဲနီကြား | US$ | ၀ | ၀.၂၁ | (+)၀.၂၁ |
| | ကီလို | ၀ | ၄၂၃ | (+)၄၂၃ |
| ၅နိုင်လွန်ပဲ | US$ | ၀ | ၀ | ၀ |
| | ကီလို | ၀ | ၀ | ၀ |
| မြေပဲ (အခွံပါ) | US$ | ၀ | ၀ | ၀ |
| | ကီလို | ၀ | ၀ | ၀ |
| မြေပဲဆံ | US$ | ၀.၀၃ | ၀ | (-)၀.၀၃ |
| | ကီလို | ၃၅.၈၅ | ၀ | (-)၃၅.၈၅ |
| အခြားပဲ | US$ | ၀ | ၀ | ၀ |
| | ကီလို | ၀ | ၀ | ၀ |
| စုစုပေါင်း | US$ | ၃၁.၇၄ | ၃၁.၂၅ | (-)၀.၄၉ |
| | ကီလို | ၃၈၀၂၅.၇ | ၃၇၃၈၇.၇၈ | (-)၆၃၇.၉၂ |

Source: ကုန်သွယ်ရေးဦးစီးဌာန၊ MOC မှ ကိန်းဂဏန်းများ အသုံးပြု၍ Trade Section, DoA မှ တွက်ချက်ဖော်ပြထားခြင်းဖြစ်ပါသည်။

**စိုက်ပျိုးရေးဈေးကွက်သတင်းလွှာ**

(Agriculture Market Bulletin)

Market Information System (MIS)

ရုံးအမှတ်(၄၃)၊ စိုက်ပျိုးရေးဦးစီးဌာန၊ နေပြည်တော်

စိုက်ပျိုးရေးဈေးကွက်သတင်းလွှာအား
စိုက်ပျိုးရေးဦးစီးဌာန၊ စီမံကိန်းရေးဆွဲစိစစ်သုံးသပ်ရေးဌာနခွဲ၊
ဈေးကွက်သတင်းအချက်အလက်စနစ်ဌာနစိတ်မှပြုစုထုတ်ဝေပါသည်။

ဖုန်း-၀၆၇ ၃၄၁၀၅၁၃၈၊ Email:doamisppme@gmail.com